ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်ချိုချိုဝင်း

လက်ထောက်နည်းပညာမှူးအမည် -ဒေါ်မိတင်ဌေးမွန်


မုရစ်ကလေးကျေးရွာအုပ်စု၊ တကူပာအိုးကျေးရွာ 2018 ခုနှစ်

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ........ 3

၂။ တကူပာအိုးကျေးရွာတည်နေရာပြမြေပုံ ........ 4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ........ 5

၄။ ကျေးရွာအခြေခံအချက်အလက်များ ........ 5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ........ 6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ........ 8

၆.၁ အရင်းအမြစ်ပြမြေပုံ ........ 8

၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြပန်ကားချပ် ........ 10

၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း ........ 12

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း ........ 13

၆.၅ ရာသီခွင်ပြဇယား ........ 16

၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု ........ 17

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ 18

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ........ 19

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ........ 19

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ........ 22

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ........ 23

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ........ 25

၁၃။ အစည်းအဝေးမှတ်တမ်းများ ........ 26

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ ........ 26


၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........ 27

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ........ 28

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ


MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Kha Yaik Thit
Mu Yit Gyi
Chaungzon
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair (GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ တကူပာအွီးကျေးရွာတည်နေရာပြမြေပုံ




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(မုရစ်ကလေးကျေးရွာအုပ်စု၊ တကူပာအွီးကျေးရွာ)

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| မုရစ်ကလေးကျေးရွာအုပ်စု | မုရစ်ကလေးကျေးရွာ |
| | ကုန်းကလေးကျေးရွာ |
| | တကူတာကျေးရွာ |
| | တကူဟာအွီးကျေးရွာ |
| | ရွာသစ်ကျေးရွာ |
| | ကော့ကဒွဲကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

| | |
|---|---|
| ကျေးရွာအမည် | - တဂူဟာအွီးကျေးရွာ |
| ကျေးရွာအုပ်စုအမည် | - မုရစ်ကလေးကျေးရွာအုပ်စု |
| လူဦးရေ | - ကျား - ၂၃၅၊ မ ၂၆၈၊ စုစုပေါင်း ၅၀၃ |
| အိမ်ထောင်စု | - ၁၀၂ စု |
| ကျန်းမာရေးဆေးပေးခန်း | - မရှိ |
| ပညာရေးအဆောက်အဦး | -အ.မ.ကကျောင်းရှိ |
| ဘာသာရေးအဆောက်အဦး | - ဘုန်းကြီးကျောင်းရှိ |
| လူမှုရေးအဆောက်အဦး | - ရွာလယ်ဇရပ်ရှိ |
| အဓိက စီးပွားရေးလုပ်ငန်း | - လယ်ယာလုပ်ငန်း၊ ရာဘာခြံ ၊ကျဲဘမ်း၊ပန်းရံ ၊လက်သမား |
| အဓိက ပိုင်ဆိုင်မှု | - လယ်ယာ၊ |
| အခြားဆက်နွယ်မှု ရှိ/မရှိ | - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ |


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 6.10.2017 | ကျေးရွာလူထု | 27 | 40 | 67 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။ (Wealth Ranking) | 6.10.2017 | ကျေးရွာလူထု | 27 | 40 | 67 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာနေ ကြွယ်ဝမှုများ၊ ပိုင်ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီစွင်ပြပြက္ခဒိန် (Seasonal Calendar) | 6.10.2017 | ကျေးရွာလူထု | 27 | 40 | 67 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု အပြောင်းအလဲများကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံးအတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 7.10.2017 | ကျေးရွာလူထု | 15 | 43 | 58 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကိုလုပ်ဆောင်နေသည့် ရွာအတွင်းရွာပြင်ပရှိအဖွဲ့အစည်းများကိုသိရှိနားလည်စေရန်နှင့် ၄င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 7.10.2017 | ကျေးရွာလူထု | 15 | 43 | 58 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning) | 7.10.2017 | ကျေးရွာလူထု | 15 | 43 | 58 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 7.10.2017 | ကျေးရွာလူထု | 15 | 43 | 58 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**တဂုပာအိုးကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တဂုပာအိုးကျေးရွာသည် မုရစ်ကလေးကျေးရွာအုပ်စုတွင် ပါဝင်ပြီး အိမ်ထောင်စု စုစုပေါင်း (၁၀၂) စုရှိကာ လူဦးရေစုစုပေါင်း (၅၇၃) ဦးနေထိုင်သည့် ကျေးရွာဖြစ်ပါသည်။ မွန်လူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် ရော်ဘာခြံလုပ်ငန်း၊ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အချို့မှာ ကိုယ်ပိုင်လယ်မြေ၊ ခြံများပိုင်ဆိုင်ကြသော်လည်း အချို့တွင် ကိုယ်ပိုင် ပိုင်ဆိုင်မှုမရှိပါ။ ကိုယ်ပိုင် လယ်မြေများ၊ ခြံများ ပိုင်ဆိုင်မှုမရှိသောသူများသည် ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းမှုပြုကြသည်။

ကျေးရွာအတွင်းတွင် ဘာသာရေးအဆောက်အဦများအနေဖြင့် ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် စေတီတည်ရှိပြီး ရွာ၏ အနောက်ဘက်နှင့် အရှေ့ဘက်တွင်ကျေးရွာမှ မှီခိုအားထားရသောရာဘာခြံစိုက်ခင်းများ၊ လယ်ကွင်း များတည်ရှိပါသည်။ ကျေးရွာအတွင်းတွင် အများပြည်သူများသုံးစွဲနိုင်မည့် အခြေခံအဆောက်အဦး များပြည့်စုံလုံလောက်မှုမရှိသေးဘဲ လိုအပ်ချက်များပြားစွာရှိနေသေးသည်ကို တွေ့ရသည်။

### သောက်သုံးရေရရှိမှုအခြေအနေ

ကျေးရွာအတွင်းတွင် သောက်သုံးရေအတွက် ရေအရင်းအမြစ်များဖြစ်သည့် ရေတွင်းများ ရှိသော်လည်း တောင်ပေါ်ပိုင်းတွင် နွေရာသီရေလုံလောက်မှုမရှိသဖြင့် ရေရှားပါးသည့် အခက်အခဲရှိနေသည်ကိုတွေ့ရှိရသည်။

### လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ကျေးရွာအတွင်း အဓိကအသုံးပြုလျက်ရှိသည့်လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် မိုးရေဝိုက်စားမှုကြောင့် လမ်းပျက်စီးကာ သွားလာရခက်ခဲကြောင်းသိရှိရသည်။ ကျေးရွာအုပ်စုနှင့် ကျေးရွာချင်းဆက်လမ်းမှာကတ္တရာလမ်းဖြစ်ဆက်သွယ်ထားသောကြောင့် သွားလာရန်လွယ်ကူသည်။

### ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင်လည်း ကျေးရွာအတွင်း အမကစာသင်ကျောင်းရှိသည်။ အလယ်တန်းနှင့် အထက်တန်းအား မုရစ်ကလေးကျေးရွာအုပ်စုတွင် တက်ရောက်ရပါသည်။ အချို့သောမိသားစုများမှာ ချို့တဲ့သောကြောင့်အလယ်တန်းနှင့် အထက်တန်းပညာကို ဆက်လက်မသင်ယူနိုင်တော့ပါ။ အချို့သော စားဝတ်နေရေးပြေလည်သည့် မိသားစုဝင်များမှသာ ပညာရေးကို ဆက်လက်သင်ကြားခွင့်ရကြသည်။ ထို့ကြောင့်ကျေးရွာအတွင်းတွင် ဘွဲ့ရလူဦးရေ အနည်းငယ်သာရှိသည်ကို တွေ့ရပါသည်။

### ကျန်းမာရေးကဏ္ဍ


ကျန်းမာရေးပြုစုစောင့်ရှောက်မှုအနေဖြင့်လည်း ကျေးရွာအတွင်းတွင်ကျေးလက် ဆေးပေးခန်းဆေးဝါးများမရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းမရှိခြင်းကြောင့် အခြေခံကျန်းမာရေးပြဿနာများ ကြုံတွေ့လာပါကကျေးရွာမှ (၁) မိုင်နီးပါးခန့်ကွာဝေးသည့် မုရစ်ကလေးကျေးရွာအုပ်စုရှိ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ဆေးပေးခန်းတွင် သွားရောက်ကုသကြရသည်။ အရေးပေါ်အခြေအနေများနှင့်ကြုံတွေ့လာပါက မုရစ်ကလေးတိုက်နယ်ဆေးရုံနှင့် ချောင်းဆုံမြို့ပေါ်ရှိဆေးရုံတွင်ကုသမှုခံယူကြကြောင်း သိရသည်။ ရာသီအလိုက်ဖြစ်လေ့ဖြစ်ထရှိသော တုတ်ကွေး၊ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောရောဂါများမှာ ကလေးငယ်များနှင့် အသက်ကြီးရွယ်အိုများတွင် အဖြစ်များကြောင်း သိရသည်။

### စီးပွားရေး

အဓိကအသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရော်ဘာခြံလုပ်ငန်းကို လုပ်ကိုင်ကြသည်။ မြေယာပိုင်ဆိုင်မှုမရှိသည့် အချို့သောကျေးရွာသူ/သားများမှာ ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။ အလုပ်အကိုင်ရှားပါးခြင်း၊ စားဝတ်နေရေး ကျပ်တည်းခြင်းတို့ကြောင့် နိုင်ငံရပ်ခြား (အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ) တွင် သွားရောက်လုပ်ကိုင်ကြသူများလည်းရှိကြောင်း သိရသည်။

အချုပ်အားဖြင့်မုရစ်ကလေးကျေးရွာအုပ်စု၊ တကူပာအွီးကျေးရွာတွင် အများပြည်သူများ လက်လှမ်းမီစွာဖြင့် အလွယ်တကူသုံးစွဲ၍ အကျိုးဖြစ်ထွန်းစေနိုင်မည့် အခြေခံအဆောက်အဦ လိုအပ်ချက်များများပြားကြောင်းနှင့် ၎င်းအခြေခံအဆောက်အဦများအား ကျေးရွာဖွံ့ဖြိုးရေးရံပုံငွေ ဖြင့်ဆောက်လုပ်မည်ဆိုပါကလည်း စီးပွားရေးအနေအထားအရခက်ခဲနိုင်ကြောင်း၊ ဌာနဆိုင်ရာများ ၊ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ပံ့ပိုးဆောင်ရွက်မှသာလျှင် အခြေခံအဆောက်အဦး များလျင်မြန်စွာပြည့်မှီပြီး အကျိုးခံစားခွင့်ရနိုင်မည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုအ တွက်လည်း အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သည့် သင်တန်းများအား ကျေးရွာသူ/သား များအား ပံ့ပိုး ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ လိုအပ်နေကြောင်း လေ့လာသုံးသပ် ရပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုပြဖန်ကားချပ်



**တကူပာအွီးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

မုရစ်ကလေးကျေးရွာအုပ်စု၊ တဂူပာအွီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင် နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ လူထုဖဟိုပြုစီမံကိန်း စီမံခန့်ခွဲရေးကော်မတီကော်

၂။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့

၃။ အုပ်ချုပ်ရေးအဖွဲ့

၄။ ကွက်လပ်ဖြည့်လူငယ်အဖွဲ့

၅။ ဂေါပကအဖွဲ့/ဥပသကာအဖွဲ့


၆။ နာရေးကူညီမှုအသင်း

၇။ ဓမ္မစကူးလ်

၈။ မြို့နယ်ကျန်းမာရေးအဖွဲ့

ဖော်ပြပါအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ကိုင်နေကြသော်လည်း အချင်းအချင်းချိတ်ဆက်လုပ်ဆောင်မှု အားနည်းနေသည်ကိုတွေ့ရသည်။ ၄င်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းစီ အနေဖြင့်လည်း ရံပုံငွေမရှိခြင်း၊ တိကျသော တာဝန်ဝတ္တရားများ သတ်မှတ်ထားရှိမှုမရှိသေးခြင်းတို့အပြင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့ဆက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များ တိကျစွာချမှတ်ထားခြင်းများ မရှိသေးသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရာတွင် ထိရောက်မှုအားနည်းပြီး နှောင့်နှေးနေမှုများရှိနေ သည်ကို လေ့လာသိရှိရပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း


ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ဓနအင်အားသတ်မှတ်ခြင်း - တကူဟအွီးကျေးရွာ

| စဉ် | အမျိုးအစား | စံနှုန်းသတ်မှတ်ချက်များ | အိမ်ထောင်စုဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ချမ်းသာ | ရော်ဘာခြံ (၄) ဧကကျော်၊ လယ် (၅) ဧကကျော် တိုက်အိမ်၊ ကား၊ ကုန်စုံဆိုင် | ၅ အိမ် | |
| ၂။ | အလယ်အလတ် | ရာဘာခြံ (၁) ဧကကျော်၊ လယ် (၃) ဧကကျော် မှန်ထောင်အိမ်၊ သွပ်မိုး၊ ဆိုင်ကယ် | ၃၅ အိမ် | |
| ၃။ | ဆင်းရဲ | မှန်ထောင်အိမ်၊ ဓနိမိုး၊ ဆိုင်ကယ်၊ စက်ဘီး၊ ကျပန်းအလုပ်သမား | ၅၀ အိမ် | |
| ၄။ | အလွန်ဆင်းရဲ | ဝါးအိမ်၊ မြေပိုင်မရှိ၊ စက်ဘီး | ၁၂ အိမ် | |
| | | စုစုပေါင်း | 102 | |


**တဂူဟအွီးကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**

မုရစ်ကလေးကျေးရွာအုပ်စု၊ တဂူဟအွီးကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်ယာလုပ်ငန်းဖြစ်ပြီးကျဘမ်းလုပ်ကိုင်ကြသူများအပြင် အခြားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ပြီး စီးပွားရှာကြသူများ လည်းရှိကြောင်းတွေ့ရသည်။ အဓိကပိုင်ဆိုင်မှုများအနေဖြင့် အိမ်ထောင်စု စုစုပေါင်း (၁၀၂) စုအနက်မှ အတော်အသင့်ပြေလည်သည့်အိမ်ထောင်စုမှာ (၅) အိမ်ထောင်စုခန့်သာရှိပြီး ရော်ဘာခြံနှင့် ကိုယ်ပိုင်လယ်ကေ (၅) အောက်ပိုင်ဆိုင်ကြကာ၊ လယ်ယာလုပ်ငန်းတွင်အသုံးပြုနိုင်သည့် စက်ကိရိယာများ၊တိရစ္ဆာန်များလည်း ပိုင်ဆိုင်ကြသည်။ အိမ်ထောင်စု (၃၅) ခန့်မှာလယ် (၃) ကေခန့်ပိုင်ဆိုင်ကြပြီး အလယ်အလတ်အဆင့်ခန့်ရှိကြသည်။ အထက်ပါအိမ်မှမိသားစုဝင်များသည် ပန်းရံ၊ လက်သမား စသည့်လုပ်ငန်းများလုပ်ကိုင်ကြပြီး မိသားစုစားဝတ်နေရေးအတွက်ပြေလည်အောင်ဖြေရှင်းကြရသည်။

ကျန်သည့်အိမ်ထောင်စုများမှာ စီးပွားရေးလုပ်ကိုင်နိုင်သည့် ပိုင်ဆိုင်မှုမရှိကြသူများဖြစ်ပြီး ကျဘမ်းလုပ်ငန်းကိုလုပ်ကိုင်ခြင်းနှင့် အခြားသောမြို့နယ်များတွင် စီးပွားရှာခြင်းများဖြင့် အသက်မွေးကြသည်။

ကျေးရွာ၏ သုံးပုံ နှစ်ပုံခန့်မှာ နွမ်းပါးကြသည်ကိုတွေ့ရသည်။ ၎င်းကဲ့သို့ဖြစ်နေခြင်းမှာ စိုက်ပျိုးရေးကိုသာ အဓိကအားထားနေကြရသော်လည်း စိုက်ပျိုးနိုင်သည့် အရင်းအမြစ်များပိုင်ဆိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ စိုက်ပျိုးသီးနှံမအောင်မြင်ခြင်း မြစ်ချောင်းများကောနေခြင်းကြောင့် ပျိုးထောင်ရန်ခက်ခဲခြင်း၊ အသက်မွေးဝမ်းကြောင်းမှု အတတ်ပညာများတတ်မြောက်မှု နည်းပါးခြင်းအပြင် ပညာရေးကဏ္ဍတွင်လည်း အားနည်းမှုများရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ် ရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်




**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်**
**(မုရစ်ကလေးကျေးရွာအုပ်စု၊ တဂူပာအွီးကျေးရွာ)**

## တကူပာအွီးကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

တဂူပာအွီးကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

## အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ အခွင့်အရေး များကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင်သာ အချိန်ပြည့် နီးပါးလုပ်ကိုင်နေရခြင်း၊ ရှိနှင့်နေပြီးသော အခွင့်အလမ်းများမှာလည်း များသောအားဖြင့် အမျိုးသားများ ကိုသာအားထားနေခြင်းအပြင် လုပ်ခလစာရရှိမှုတွင်လည်း အမျိုးသမီးများထက်စာလျှင် အမျိုးသားများ က ပိုမိုရရှိခြင်းတို့ကြောင့် အမျိုးသားများမှာ အမျိုးသမီးများထက်ပိုမို၍ အလုပ်အကိုင်အခွင့်လမ်း ရရှိနေကြ သည်ဟု သုံးသပ်ရပါသည်။

## ဝင်ငွေရရှိမှု

ဝင်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိနေသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက်ပိုမို နေသောကြောင့် ဝင်ငွေရရှိမှုအပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက်ပိုမိုသည်။ လုပ်အားအတွက်အချိန်ပေးမှုမှာ အမျိုးသားများနှင့် အမျိုးသမီးများတန်းတူဖြစ်သော်လည်း လုပ်ငန်း အားလုံးနီးပါးတွင် လုပ်ခလစာပေးချေမှုမှာ အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်း ကြောင့်လည်း ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသားများက ပိုသည်ကိုတွေ့ရသည်။

## ခေါင်းဆောင်မှု

ခေါင်းဆောင်မှုအပိုင်းတွင်မှု အမျိုးသား/သမီးကွာဟချက် မကြီးမားသည်ကိုတွေ့ရသည်။ ယခင်က ခေါင်းဆောင်မှုအပိုင်းတွင် အမျိုးသားများမှသာ အဓိကဦးဆောင်နေကြသော်လည်း လူထုဗဟိုပြုစီမံကိန်းအကောင်အထည်ဖော်ပြီးနောက်ပိုင်း အမျိုးသမီးများအားစွမ်းဆောင်ရည်မြှင့်တင် ပေးခြင်းအစီအစဉ်များစတင်ခဲ့ပြီးသည့်နောက်ပိုင်းတွင် အမျိုးသမီးများအား အသိအမှတ်ပြုလာမှုနှင့် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုသိသိသာသာတက်လာကြောင်း သိရသည်။

## အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြုကာလုပ်ကိုင်နေကြသောကြောင့်ဖြစ်သည်။ အိမ်မှုကိစ္စရပ်မှာ

အမျိုးသမီးမှာမှသာ သေချာစွာဆောင်ရွက်နိုင်သည်ဟု ခံယူထားသော အလေ့အထများကြောင့်သာ ဖြစ်သည်။

### ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ဆွေးနွေးချက်များအရ ၄င်းကဏ္ဍတွင် အမျိုးသားများမှထိန်းချုပ်ထားမှု ပိုမိုများပြားနေသည်ဟု ထင်ရသော်လည်း ရှာဖွေစုဆောင်းရာမှ ရရှိလာ သည့်ပစ္စည်းဥစ္စာများအား အမျိုးသား/အမျိုးသမီး ခွဲခြားထားမှုများမရှိဘဲ အတူတကွ ပိုင်ဆိုင်ပြီး အချို့သောရင်းနှီးမြှပ်နှံမှုအပိုင်းတွင် အမျိုးသားများမှ ဦးဆောင်ဆုံးဖြတ်ကြကြောင်းသိရသည်။

### လုံခြုံမှု

ဘဝလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားများမှပိုမိုမြင့်မားသည်ကို တွေ့ရသည်။ လေ့လာသုံးသပ်ချက်အရ အမျိုးသမီးများ ဘဝလုံခြုံမှုအပိုင်းတွင် နိမ့်ကျနေခြင်းမှာ နေရာပတ်ဝန်းကျင် ပယောဂများကြောင့်မဟုတ်ဘဲ ၄င်းတို့၏စိတ်ပိုင်းဆိုင်ရာတွင် ယုံကြည်မရှိသောကြောင့်သာ လုံခြုံမှု နည်းသည်ဟု ခံစားရခြင်း ဖြစ်ကြောင်းသိရှိရသည်။


### ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်တွင်မူ အမျိုးသမီးများမှသာလွန်သည်။ အကြောင်းမှာ စားဝတ်နေရေး အခက်အခဲ၊ စီးပွားရေးအခက်အခဲများကြောင့် အမျိုးသားအများစုမှာ အရွယ်မတိုင်ခင် ကျောင်းထွက်ရပြီး စီးပွားရေးအတွက် လုပ်ငန်းခွင်ဝင်နေကြရခြင်းကြောင့် အမျိုးသမီးများမှာ အမျိုးသားများထက် ပညာ သင်ကြားခွင့်တွင် သာလွန်ကြောင်း လေ့လာသိရှိ ရသည်။

### ရပ်ရွာအရေးပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းအမြစ်များကိုစီမံခန့်ခွဲခွင့်

၄င်းကဏ္ဍ (၃) ခုလုံးတွင် အမျိုးသားများဖက်မှ ဦးဆောင်မှုနှင့် ထိန်းချုပ်ထားမှုမှာ အမျိုးသမီးများ ထက်သာလွန်နေသည်ကိုတွေ့ရသည်။ အကြောင်းမှာ အမျိုးသားအများစုအား အိမ်ထောင်ဦးစီးများအဖြစ်သတ်မှတ်ထားခြင်း၊ မိသားစုအားဦးဆောင်ကြခြင်း၊ ဝင်ငွေကိစ္စရပ်များ တွင်ဦးဆောင်ကြခြင်းအပြင် အချို့သောအမျိုးသမီးအများစုမှာ အမျိုးသားများအပေါ်တွင်သာ မှီခို အားထားပြုနေကြခြင်းတို့ကြောင့် ၄င်းကဏ္ဍအားလုံးတွင် အမျိုးသားများမှ သာလွန်ကြောင်း လေ့လာသုံးသပ်ရပါသည်။

## ၆.၅ ရာသီခွင်ပြဇယား



**တဂူဟာအိုးကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**

မုရစ်ကလေးကျေးရွာအုပ်စု၊ တဂူဟာအိုးကျေးရွာ၏ ရာသီဥတုအခြေအနေမှာ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် အလွန်ပူပြင်းပြီး နယုန်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် နေတပြိုက်၊ မိုးတပြိုက်ဖြင့် ပူအိုက်စွတ်စိုသော ရာသီဥတုမျိုးဖြစ်သည်။ ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိသည်။ တန်ဆောင်မုန်း၊ နတ်တော်နှင့် ပြာသိုလများတွင် ဆီးနှင်းများအနည်းငယ်ကျပြီး ချမ်းအေးသည်။


တဂူဟာအိုးကျေးရွာသည် လယ်ယာလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကြောင်းမှုအနေဖြင့် အသက်မွေးကြသဖြင့် ကျေးရွာအတွင်းရှိ အိမ်ထောင်စု အားလုံးနီးပါးသည် ကဆုန်၊ နယုန်လများမှစ၍မိုးတွင်းရာသီအထိ အလုပ်အကိုင်ရှားပါးခြင်း၊ ရာသီဥတုဖောက်ပြန်ပြီး ရေကြီးမှုများဖြစ်ပေါ်တတ်သည့်နှစ်များတွင် အသီးအနှံများပျက်စီးသဖြင့် ၄င်းနှစ်များတွင် စီးပွားရေးကျပ်တည်းပြီး စားဝတ်နေရေး ပိုမိုခက်ခဲသည်။ စပါးစိုက်ပျိုးသည့်ရာသီ မှလွဲ၍ ကျန်သည့်လများတွင် ကြုံရာကျဘမ်းလုပ်ငန်းများဖြင့်သာ ဝမ်းကျောင်းရသဖြင့် ကျေးရွာလူထု အများစုမှာစီးပွားရေးကျပ်တည်းပြီး အခက်အခဲများကြုံရလေ့ရှိသည်။ ကျေးရွာအနေဖြင့် ရော်ဘာ ထွက်သောကာလတွင်သာဝင်ငွေများပြီး ကျန်သောလများတွင်ဝင်ငွေအခက် အခဲရှိသည်။

ပွဲတော်များအနေဖြင့် တန်ခူးလတွင် ကျွန်းဓလေ့အရ ဘုရားပွဲတော်ကျင်းပပြီး ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော် ကျင်းပခြင်း၊ တန်ဆောင်မုန်းလတွင် ကထိန်အလှူတော်ပြုလုပ်ခြင်း၊ တပို့တွဲလတွင် ဆွမ်းတော်ကြီး လောင်းလှူခြင်း စသည့်ပွဲတော်များ နှစ်စဉ်ပုံမှန်ကျင်းပလေ့ရှိကြောင်းသိရသည်။

ကျန်းမာရေးအခက်အခဲအနေဖြင့် တစ်နှစ်ပတ်လုံးနီးပါး အသေးစားကျန်းမာရေး ပြဿနာများ ဖြစ်ပွားလေ့ရှိသော်လည်း ကဆုန်လ၊ နယုန်လနှင့် ဝါဆိုဝါခေါင်လများတွင် ရာသီဥတုအပြောင်းအလဲကြောင့် အနည်းငယ်ပိုမိုဖြစ်ပွားမှုများကြောင်းသိရသည်။

စပါးစိုက်ပျိုးသည့် ကဆုန်၊ နယုန်လများနှင့် ကျေးရွာဓလေ့ပွဲတော်များ ပုံမှန်ကျင်းပပြုလုပ်လေ့ရှိသည့် ပြာသို၊ တပို့တွဲလနှင့် တန်ခူးလတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါကကျေးရွာလူထုများမအားလပ်သဖြင့် လူထုပူးပေါင်းပါဝင်မှု အပြည့်အဝရနိုင်မည်မဟုတ်ပေ။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



### တဂူဟာအိုးကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

တဂူဟာအိုးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အဓိကကျသော အခြေခံအဆောက်အဦအများအပြားလိုအပ်ချက်ရှိနေသေးသည်ကိုတွေ့ရသည်။ ရပ်ရွာအရေးတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့်အရင်းအမြစ်များကို ထိန်းချုပ်မှုအပိုင်းတွင်အမျိုးသားများမှ ပိုမိုဦးဆောင်နေသည်ကိုတွေ့ရသော်လည်း ရှိရင်းစွဲ အခြေခံအဆောက်အဦများ၊ အရင်းအမြစ်များသုံးစွဲမှုတွင်မှ အမျိုးသား/သမီးများ တန်းတူသုံးစွဲမှုများရှိသည်ကို တွေ့ရပါသည်။ ယဉ်းကျေးမှုအရ ဘုန်ကြီးကျောင်းနှင့်စေတီကိုတော့အမျိုးသားများမှ ထိန်းချုပ်ပြုပြင်နေသည်ကိုတွေ့ရပါသည်။ ကျေးရွာရေရရှိရေးနှင့်ပတ်သက်၍ အမျိုးသားများမှဦးဆောင်ဖြေရှင်းနေသည်ကို တွေ့ရပါသည်။ ချောင်း၊ မြောင်းများကောနေသောကြောင့် စိုက်ပျိုးချိန်တွင်ရေကြီးခြင်း ပျိုးထောင်ရာတွင်ခက်ခဲခြင်းပြဿနာနှင့်ကြုံတွေ့နေရပါသည်။ ချောင်း၊ မြောင်းကိစ္စကိုအမျိုးသားများမှ ဦးဆောင်နေသော်လည်း မြို့နယ်အဆင့်မှလာရောက်ပေးမှသာအဆင်ပြေနိုင်မည်ဟု ဆွေးနွေးတင်ပြခဲ့ကြပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဌ | ဦးတင်အောင် | |
| | | | ဒေါ်ချိုချိုသက် | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမြင့်ထွန်း | |
| | | အဖွဲ့ဝင် | ဒေါ်နှင်းနွယ်စိုး | |
| | | အဖွဲ့ဝင် | ဒေါ်အေးအေးစိုး | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | မင်းကြည်စိုး | |
| | | အဖွဲ့ဝင် | ဒေါ်လှလှအေး | |
| | | အဖွဲ့ဝင် | ဦးပန်းရွှေ | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးဇော်မင်းထွေး | |
| | | အဖွဲ့ဝင် | ဒေးဝင်းသန်း | |
| | | အဖွဲ့ဝင် | ဒေါ်ဆန်းဆန်းဝေ | |
| ၅ | အကြံပြုတိုင်ကြားရေး ကော်မတီ | ကိုယ်စားလှယ် | ဦးဇော်မင်းလတ် | |
| | | ကိုယ်စားလှယ် | ဒေါ်မော်မော်အေး | |
| ၆ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးဆန်းဂင်း | |
| ၇ | စေတနာ့ဝန်ထမ်း | | ဦးစိုးဂင်းသန်း | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်ဖြူနှင်းဖွေး | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး သက်ဝင်း | 09·254452478 | ဒေါ်သဇင်ထွေး |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | မုရစ်ကလေး | တဂူပအိုး |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ----မွန်---- | 102 | ဘာသာ (၁) -ဗုဒ္ဓ------ | 102 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 78ယောက် | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--မွန်----- | 239 | 264 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 84 | 18 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ✓ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ✓ |
| | မူလတန်းကျောင်း | ✓ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ✓ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ☐ |
| [illegible] ဆရာ/မ | ✓ | ☐ | [illegible] ကျန်းမာရေး ဆရာမ | ☐ | ☐ | [illegible] | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား ____________


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ/(မသိပါ)

(စ) ခရီးအကွာအဝေး



(၁) ဤကျေးရွာ၏ပယ်မှ ရုံးကျေးရွာအုပ်စု၏ပယ်အထိ ခရီးဖိုင်မည်မျှကွာဝေးသနည်း? မိုင် ၈.၅/မသိပါ

(၂) ဤကျေးရွာမှ ရုံးကျေးရွာအုပ်စုပယ်အထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁ နာရီ ...... ဆော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား ..................

မိုးရာသီတွင်ကြာချိန် ........ ၁ နာရီ ........ ဆော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား ..................

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ........................................

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဦးဆောင်စီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျောက်ဆည်မြို့ နယ် ......

(၂) ..............................

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦးသန်းထွန်း

လက်မှတ် [signature] နေ့စွဲ 2.10.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်သဇင်ရွှေ

လက်မှတ် [signature] နေ့စွဲ 2.10.2017

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၀ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက် သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများ၊ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်သဇင်ရွှေ

နေ့စွဲ 6.10.2017 | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် ကျောက်မဲ | ကျေးရွာအုပ်စု မုရစ်ကလေး | ကျေးရွာ တဂူဟာအွီး

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 6.10.2017 | 6.10.2017 | 27 | 40 | 67 | 67 ၊ ရှမ်း |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံခန့်ခွဲရေးဆွဲခြင်း အစည်းအဝေး | 7.10.2017 | 7.10.2017 | 15 | 43 | 58 | 58 ၊ ရှမ်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 20.10.2017 | 20.10.2017 | 51 | 45 | 96 | 80 ၊ ရှမ်း<br>16 ၊ ကချင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 6.12.17. | 6.12.17. | 8 | 50 | 58 | 50 ၊ ရှမ်း<br>8 ၊ ကချင် |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံခန့်ခွဲရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 13.12.17 | 13.12.17. | 5 | 51 | 56 | 42 ၊ ရှမ်း<br>14 ၊ ကချင် |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - ၀ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်သဇင်ထွေး | | |
| နေ့စွဲ 6.10.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု မုရစ်ကလေး | ကျေးရွာ တဂူဟာအိုး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေနုတ်မြောင်းအမှိုက်ပိတ်ဆို့နေသဖြင့် လမ်းပေါ်ရေလျှံပြီး သွားလာခက်ခဲခြင်း | ၁ | နွေရာသီ သောက်သုံးရေ ရှားပါးသော အခက်အခဲ |
| ၂ | ရွာအောက်ပိုင်း အမြဲ ရေမြုပ်ခြင်း | ၂ | ရေနုတ်မြောင်း တိမ်ကောနေသောကြောင့် လမ်းပေါ်ရေလျှံ၍ သွားလာရန်အခက်အခဲရှိခြင်း |
| ၃ | မြည်တော်သာချောင်း တိမ်ကောနေသဖြင့် အခက်အခဲရှိခြင်း | ၃ | ရွာအောက်ပိုင်း ရေလျှံသော အခက်အခဲ |
| ၄ | စာသင်ကျောင်းဆောင်ကြမ်းခင်းနှင့်မြေ စည်းရိုး ပျက်စီးနေသဖြင့် [illegible] ဖြစ်ခြင်း | ၄ | မြည်တော်သာချောင်း တိမ်ကောနေသော အခက်အခဲ |
| ၅ | ရွာတွင်းလမ်းများ ပျက်စီးနေသောကြောင့် သွားလာရန် အခက်အခဲရှိခြင်း | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရေနုတ်မြောင်းကောင်းပြီး ရေစီးရေလာကောင်းသောကျေးရွာ ဖြစ်နေစေရမည် | ၁ | တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံသော ကျေးရွာဖြစ်နေရမည်။ |
| ၂ | မြည်တော်သာချောင်း ရေစီးရေလာကောင်းပြီး စိုက်ပျိုးရေးကောင်းသော ကျေးရွာဖြစ်ရမည် | ၂ | ရေနုတ်မြောင်းကောင်းပြီး ရေစီးရေလာကောင်းသော ကျေးရွာဖြစ်နေစေရမည်။ |
| ၃ | ရွာအောက်ပိုင်း ရေကြီးရေလျှံသော အခက်အခဲနှင့် ကင်းဝေးနေရမည်။ | ၃ | ရွာအောက်ပိုင်း ရေကြီးရေလျှံသော အခက်အခဲနှင့် ကင်းဝေးနေရမည်။ |
| ၄ | ကောင်းမွန်သော စာသင်ကျောင်းဆောင် ရှိနေရမည်။ | ၄ | ကောင်းမွန်သော စာသင်ကျောင်းဆောင် ရှိနေရမည်။ |
| ၅ | ရွာတွင်းလမ်းများ အားလုံး ကွန်ကရစ်လမ်း ဖြစ်ရမည်။ | ၅ | ရွာတွင်းလမ်းများ အားလုံး ကွန်ကရစ်လမ်း ဖြစ်ရမည်။ |

၈။ လုပ်ငန်းစဉ်အဆင့်မှာ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင်မှ ကျုံးကရစ်လောင်း [illegible] (150'x5') | အမျိုးသား+အမျိုးသမီး | 6,000,000/ | 503 |
| ၂ | [illegible] လမ်းခင်း (450'x10'x6") | အမျိုးသား+အမျိုးသမီး | 5,600,000/ | 503 |
| ၃ | ရွာဝင်လမ်း [illegible] ကွန်ကရစ်လမ်းခင်း (360'x10'x6") | အမျိုးသား+အမျိုးသမီး | 4,500,000/ | 503 |
| ၄ | လမ်းမှရေ နုတ်မြောင်း [illegible] (3000'x2'x2') | အမျိုးသား+အမျိုးသမီး | 25,000,000/ | 503 |
| ၅ | | | | |


၉။ လုပ်ငန်းစဉ်အဆင့်မှာ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၂ | ဆိုင်ကယ်ပြင်သင်တန်း | အမျိုးသား | |
| ၃ | အပ်ထိုး ပန်းထိုး သင်တန်း | အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးအောင်မြင့် လက်မှတ် [illegible] နေ့စွဲ 6.10.2017

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


ပုံစံ - ၀ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)


ရက်စွဲ - ၂၀.၁၀.၂၀၁၇

ကျေးရွာအုပ်စု မုရစ်ကလေး

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားရမည့်မိသားစုများ | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားအဖွဲ့ ထည့်ဝင်မှု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| မုရစ်ကလေး | [illegible] | (60'×30'×12) | | ☐ ကျား ☐ မ ✓ ကျား+မ | 24000000 | | | 24000000 |
| ရွာသစ် | [illegible] | (435'×5') | | ☐ ကျား ☐ မ ✓ ကျား+မ | 6100000 | | | 6100000 |
| တဂူဟာအွီး | [illegible] | (3'×110')+(130'×5') | 503 | ☐ ကျား ☐ မ ✓ ကျား+မ | 6000000 | | | 6000000 |
| [illegible] | [illegible] | (15'×30'×12) | | ☐ ကျား ☐ မ ✓ ကျား+မ | 8000000 | | | 8000000 |
| [illegible] | [illegible] | (400'×8'×6") | | ☐ ကျား ☐ မ ✓ ကျား+မ | 7500000 | | | 7500000 |

ရက်စွဲ ၂၀.၁၀.၂၀၁၇

## ၁၃။ အစည်းအဝေးမှတ်တမ်းများ


အစည်းအဝေး - စတုတ္ထအကြိမ် အစည်းအဝေးနှင့် နည်းပညာအစည်းအဝေး
ကျေးရွာ - တကူပာအိုး
ကျေးရွာအုပ်စု - မုရစ်ကလေး
ရက်စွဲ - 13.12.17.
နေရာ - ဘုန်းကြီးကျောင်း၊
အချိန် - ၂:၀၀ နာရီ ၃:၀၀ နာရီထိ၊
တက်ရောက်သူ - ကျား (5) + မ (51) = 56 ယောက်

တကူပာအိုး ကျေးရွာ၏ စတုတ္ထအကြိမ် အစည်းအဝေးနှင့် နည်းပညာ အစည်းအဝေးကို ကျေးရွာ၏ ရပ်မိ ရပ်ဖ ဦးပန်းရှော မှ အဖွင့်အမှာစကား ပြောကြားနှင့် စီမံကိန်း ကို အထူး ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် လက်တောက် နည်းပညာမှူး ဒေါ်တင်ငွေးမြင့် မှ နည်းပညာဆိုင်ရာများကို အသေးစိတ် ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ဆိုဖိုဝင်း မှ ရွာသူ ရွာသားများ ပူပေါင်းပါဝင် ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

ထို့နောက် ဝယ်ယူရေး ခေါင်းဆောင် ဦးမြင့်ထွန်း မှ လိုအပ်ချက်များနှင့် လုပ်ငန်း အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး၊ အားလုံး အား ကျေးဇူးတင်ကြောင်း ပြောကြားပြီး၊ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ဆိုဖိုဝင်း
လူထုစည်းရုံးရေးမှူး

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ရေနုတ်မြောင်းများမကောင်းမွန်သဖြင့် အမှိုက်များပိတ်ဆို့ကာ မိုးရာသီတွင် ရေကြီးရေလျှံမှု ဖြစ်ပွားလေ့ရှိခြင်း |
| ၂ | ကျား/မ | ကျေးရွာအောက်ပိုင်းတွင် မိုးရာသီရောက်ပါက ရေလျှံမှုများဖြစ်ပေါ်လေ့ရှိခြင်း |
| ၃ | ကျား/မ | ပြည်တော်သာချောင်းကောနေသဖြင့် ရေလျှံခြင်း |
| ၄ | ကျား | စာသင်ကျောင်းတွင်ကြမ်းခင်းနှင့် ခြံစည်းရိုးပျက်စီးနေသဖြင့် ကလေးငယ်များအတွက် လုံခြုံမှုအားနည်းခြင်း |
| ၅ | ကျား | ရွာအတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်နေခြင်းကြောင့် အဆင့်မြှင့်တင်ရန် လိုအပ်ချက်များရှိနေသေးခြင်း |
| ၆ | မ | နွေရာသီတွင် ကျေးရွာအတွင်းသောက်သုံးရေခက်ခဲခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ရေစီးရေလာကောင်းမွန်ပြီး ရေလျှံမှုမရှိစေရန် ရေနုတ်မြောင်းများ ကောင်းမွန်နေရမည် |
| ၂ | ကျား/မ | ပြည်တော်သာချောင်း ရေစီးရေလာကောင်းမွန်ပြီး စိုက်ပျိုးရေးအတွက် အထောက်အပံ့ပြုနိုင်ရမည်။ |
| ၃ | ကျား/မ | ရေကြီးရေလျှံလေ့ရှိသော ရွာအောက်ပိုင်း ရေလွှမ်းမိုးမှုမရှိဘဲကောင်းမွန်ရမည်။ |
| ၄ | ကျား/မ | ကလေးသူငယ်များပညာသင်ကြားနေသည့် စာသင်ကျောင်းများလုံခြုံကောင်းမွန်ပြီးဖြစ်ရမည် |
| ၅ | ကျား/မ | ရွာအတွင်းလမ်းများအားလုံး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်ရမည်။ |

### ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှလိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | | |
| | ၃ | ဇာထိုး၊ ပန်းထိုးသင်တန်း | မ | | |

တစ်နိုင်တစ်ပိုင်ဂင်ငွေတိုးလုပ်ငန်းအတွက် အသက်မွေးဂမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဂမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးမတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်းချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များဖန်တီးပေးမှုများလိုအပ်နေသေးသည်ကိုလေ့လာသုံးသပ်ရပါသည်။